unite for children

unicef

# သတင်းထုတ်ပြန်ချက်

**အိပ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်အကြောင်းသိကောင်းစရာများကို လူငယ်များပိုမို သိရှိလာခြင်းသည် မြန်မာနိုင်ငံအားခြိမ်းခြောက်နေသည့် ယင်းအန္တရာယ်ကို တိုက်ဖျက်ရန်အဓိက အင်အားတစ်ရပ်ဖြစ်ကြောင်း ယူနီဆက်မြန်မာကပြောကြား။**

*ကလေးငယ်များနှင့်လူငယ်များအတွက်အိပ်ချ်အိုင်ဗီနှင့်အေအိုင်ဒီအက်စ်၏အန္တရာယ်ကြီးထွားလျက်ရှိ*

ရန်ကုန်၊ ဒီဇင်ဘာ ၁ ရက် ၂၀၀၈– လူငယ်များကိုအိပ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်နှင့်ပတ်သတ်၍ ပညာပေးခြင်းဖြင့် ရောဂါတိုက်ဖျက်ရေး လုပ်ငန်းများပိုမို ထိရောက်မည်ဖြစ်ကြောင်း ယနေ့ကမ္ဘာ့ခုခံအားကျရောဂါတိုက်ဖျက်ရေးနေ့တွင် ယူနီဆက်ကပြောကြားလိုက်သည်။

"အိပ်ချ်အိုင်ဗီပိုးကူးစက်နိုင်တဲ့အပြုအမူတွေလုပ်မိဖို့အတွက် အခွင့်အလမ်းနဲ့ အတွေ့အထိကတခြားအသက်အရွယ်အုပ်စုထက် လူငယ်တွေမှာ ပိုများပါတယ်"ဟု ယူနီဆက်မြန်မာ၏ ဌာနေကိုယ်စားလှယ် မစ္စတာရာမက်ရှ် ရှရက်စ်သာကဆိုသည်။

မြန်မာနိုင်ငံတွင် ၂၀၀၇ ခုနှစ်ခန့်မှန်းတွက်ချက်မှုများအရ လူပေါင်း ၂၄၀ ၀၀၀ ကျော်သည်အိပ်ချ်အိုင်ဗီ ရောဂါပိုးရှိသူများဖြစ်ပြီး ယင်းတို့၏ သုံးပုံနှစ်ပုံခန့်မှာ အသက် ၃၄ နှစ်အောက်အရွယ်များဖြစ်ကြသည်။

"လူငယ်တွေကို အိပ်ချ်အိုင်ဗီနဲ့ပတ်သတ်လို့ သိသင့်သိထိုက်တဲ့ သတင်းအချက်အလက်တွေ၊ ဗဟုသုတတွေဖြန့်ဝေထားနိုင်မယ်ဆိုရင် သူတို့တွေရဲ့ အသိတွေပြောင်းလဲသွားမယ်၊ အဲဒီအသိကိုလိုက်ပြီး အန္တရာယ်ကင်းတဲ့ဘဝလူနေမှုပုံစံနဲ့နေထိုင်သွားကြမယ်ဆိုရင် မြန်မာနိုင်ငံရဲ့ အိပ်ချ်အိုင်ဗီ ကူးစက်မှုတွေလျော့နည်းသွားမှာဖြစ်ပါတယ်"ဟု မစ္စတာရှရက်စ်သာကပြောသည်။

အိပ်ချ်အိုင်ဗီနဲ့ပတ်သက်၍အသိပညာချို့တဲ့ခြင်းသည် လူငယ်တွေများကိုရောဂါနှင့်ပိုမိုနီးစပ်စေပါသည်။ တကမ္ဘာလုံးအတိုင်းအတာဖြင့် ပြုလုပ်နေသည့် "United against AIDS" အစီအစဥ်အရ ရောဂါကာကွယ်ရေးအသိပညာပေးလုပ်ငန်းများကို အသက် ၁၅နှစ်နှင့် ၂၄နှစ်အရွယ် လူငယ်အုပ်စုကို အဓိကထားကာ ယူနီဆက်အနေဖြင့်ဦးတည်ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံ၊ အမျိုးသားခုခံအားကျဆင်းမှုကူးစက်ရောဂါတိုက်ဖျက်ရေးစီမံချက်၏ အမျိုးသားမဟာဗျူဟာစီမံကိန်း(၂၀၀၆–၁၀)တွင်လည်း လူငယ်များအကြား အိပ်ချ်အိုင်ဗီရောဂါကာကွယ် တားဆီးရေးလုပ်ငန်းများကို အဓိကဦးစားပေးလုပ်ငန်းအဖြစ်သတ်မှတ်ထားသည်။

မြန်မာနိုင်ငံတွင် အမျိုးသမီး တစ်သိန်းခန့်သည် အိပ်ချ်အိုင်ဗီပိုးခံစားနေရသောကြောင့် အကယ်၍၎င်းတို့က ကလေးမွေးဖွားလာလျှင် မွေးလာမည့်ကလေးများမှာလည်း ရောဂါပိုးကူးစက်နိုင်သည့် အလားအလာများ ရှိနေသည်။

"စိန်ခေါ်မှုတွေနဲ့အခက်အခဲတွေကတော့အများကြီးရှိနေပါသေးတယ်။ တပြိုင်တည်းမှာပဲ ရောဂါကာကွယ်တားဆီးရေးနဲ့ တိုက်ဖျက်ရေးလုပ်ငန်း တွေမှာ တိုးတက်မှုတွေလည်းရှိနေပါတယ်"ဟု မစ္စတာ ရှရက်စ်သာကဆိုသည်။

"ဒီနေ့မြန်မာနိုင်ငံမှာရှိတဲ့ မူလတန်းနဲ့အလယ်တန်းတွေရဲ့ ကျောင်းသင်ရိုးညွှန်းတမ်းတွေမှာ 'ဘဝတွက်တာကျွမ်းကျင်စရာ' သင်ခန်းစာတွေကို တွဲဖက်ထားတဲ့အတွက် ကလေးတွေဟာ အိပ်ချ်အိုင်ဗီ၊ အေအိုင်ဒီအက်စ်နဲ့ပတ်သတ်လို့ ဗဟုသုတတွေတိုးပွားလာတဲ့အပြင်၊ ဘဝအတွက်လိုအပ်တဲ့ အရည်အချင်းတွေကိုပါ သင်ကြားလေ့လာခွင့်ရနေပါတယ်။ ပြီးတော့ မြန်မာနိုင်ငံမှာရှိတဲ့ မြို့နယ်တွေရဲ့ သုံးပုံတစ်ပုံမှာ မိခင်ကနေကလေးကို အိပ်ချ်အိုင်ဗီရောဂါကူးစက်ခြင်းကကာကွယ်ဖို့ ဝန်ဆောင်မှုလုပ်ငန်းတွေဆောင်ရွက်ပေးနေနိုင်ပြီဖြစ်ပါတယ်။"ဟု ဆက်လက်ပြောကြားသည်။

"ဒါပေမယ့်လည်း လုပ်စရာတွေအများကြီးရှိနေပါသေးတယ်။ ယူနီဆက်အနေနဲ့ အရွယ်ရောက် လာတော့မယ့် လူငယ်၊လူရွယ်တွေကို အိပ်ချ်အိုင်ဗီနဲ့ပတ်သက်လို့ အသိပညာပေးခြင်းလုပ်ငန်းတွေကို ဆက်လက်လုပ်သွားပါမယ်။ ဒါမှလည်းလူငယ်တွေအနေနဲ့ဘဝမှာ ဒီအသိပညာတွေကိုအခြေခံပြီး မှန်ကန်တဲ့ ဆုံးဖြတ်ချက်တွေချပြီး ရောဂါကူးစက်နိုင်တဲ့အပြုအမူတွေကနေရှောင်ရှားနိုင်မှာဖြစ်ပါတယ်"ဟု ထပ်လောင်းပြောကြားသည်။

ယူနီဆက်သည် မြန်မာနိုင်ငံရှိကျောင်းများတွင် 'ဘဝတွက်တာကျွမ်းကျင်စရာ' တွဲဖက်သင်ရိုးညွှန်းတမ်းများပြဋ္ဌာန်းခြင်းနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့်လက်တွဲကာ ပျိုဖော်ဝင်လူငယ်များနှင့် ကျောင်းပြင်ပလူငယ်များအတွက် 'ဘဝတွက်တာကျွမ်းကျင်စရာ' သင်တန်းများ ပို့ချခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

**ဆက်လက်သိရှိလိုပါက**


စန္ဒာလင်း(ပြန်ကြားရေးအရာရှိ)၊ ယူနီဆက် မြန်မာ၊ ဖုန်း ၉၅ ၁ ၃၇၅၅၂၇ – ၃၂ slinn@unicef.org



**United Nations Children's Fund**
Myanmar Office
14th floor, Traders Hotel,
223 Sule Pagoda Road, Kyauktada Tsp.
Yangon, Myanmar
www.unicef.org/myanmar

Telephone +95 1 375527-32
Facsimile +95 1 375552